**ထုတ်ပြန်ကျေငြာချက် ဒီဇင်ဘာလ ၈ ရက်။ ၂၀၁၁**

**ဆက်သွယ်ရန်**

ဖေါလ် ဒေါနိုဂစ် paul@earthrights.org ( ထိုင်းနိုင်ငံ ) +66.83.867.5901

နိုင်ထူး naighhtoo@earthrights.org, (ထိုင်းနိုင်ငံ) +66.89.444.7041

## တရုတ်ရေနံကုမ္ပဏီမှမြန်မာပြည်အတွင်းလူ့အခွင့်အရေးချိုးဖေါက်မှုများနှင့်ဆက်နွယ်မှု

*နော်ဝေနိုင်ငံမှ CNPC ၏လက်အောက်ခံကုမ္ပဏီတခုဖြစ်သော PeteroChina ကုမ္ပဏီ အတွင်းဒေါ်လာသန်းပေါင်း မြောက်များစွာသော ငွေရင်းနှီးမြှုပ်နှံမှုကို မြန်မာပြည်အတွင်း ဖြစ်ပေါ်နေသည့်ချိုးဖေါက်မှုအပေါ် နုတ်ထွက် ရုပ်သိမ်း ရန်အရေးပါသောအကြံပေးဆုံးဖြတ်ချက်။*

ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ - ယခုရက်ပိုင်းအတွင်းနော်ဝေနိုင်ငံမြို့တော်အော်စလိုတွင် အစိုးရဖွဲ့စည်းထားသော နော်ဝေနိုင်ငံ ကျင့်ဝတ်ကောင်စီ မှအရေးပါသောအကြံပေးဆုံးဖြတ်ချက်တခုအား ထုတ်ဖေါ် တင်ပြခဲ့ပါသည်။ ယင်းအကြံပြုချက်တွင် တရုတ်ရေနံထုတ်လုပ်ရေး ကုမ္ပဏီမှဆောက်လုပ်နေသည့် စီမံကိန်းတွင် မြန်မာပြည်အတွင်းဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးေ ဖါက်မှုများ နှင့်ဆက်နွယ်နေသည်ဟု ပြောကြားခဲ့ပြီး၊ နော်ဝေအစိုးရမှ တရုတ်ပြည်ရေနံ (PeteroChina) ကုမ္ပဏီတွင်၎င်းတို့၏ရင်းနှီးမြှုပ်နှံထားသည့် နော်ဝေနိုင်ငံသားများ၏ပင်စင်စားရန်ပုံငွေ Norwegian Government Pension Fund Global (GPFG) ဒေါ်လာသန်းပေါင်း ၉၀ အားရုပ်သိမ်းရန် တောင်းဆိုအကြံပြုခဲ့ပါသည်။ ဒီဇင်ဘာလ ၁၀ ရက်နေ့ ၂၀၁၀တွင် EarthRights International အဖွဲ့အစည်းမှထုတ်ဖေါ်တင်ပြခဲ့သည့်အစီရင်ခံစာတွင် နော်ဝေနိုင်ငံမှ မြန်မာပြည်အတွင်း လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့်ဆက်နွယ်ပါတ်သက်ရှုပ်ထွေးနက်နဲသော ရေနံနှင့်သဘာဂ ဓါတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပါဂင်လုပ်ဆောင်နေသောကုမ္ပဏီပေါင်း ၁၅ ခုအတွင်း ဒေါ်လာသန်းပေါင်း ၃.၇ ဘီလီယံအားရင်းနှီးမြှုပ်နှံမှုပြုလုပ်နေသည်ဟုမီးမောင်းထိုးပြခဲ့သည့်။ ယင်းရင်းနှီးမြှုပ်နှံမှုများထဲတွင် ရွှေသဘာဂ ဓါတ်ငွေ့စီမံကိန်း နှင့် တရုတ်-မြန်မာရေနံစိမ်း ပိုက်လိုင်းစီမံကိန်းများတွင် ပါဂင်လုပ်ဆောင်နေသည့် ကုမ္ပဏီများထဲတွင် နော်ဝေနိုင်ငံမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၄၅၇ သန်းရင်းနှီးမြှုပ်နှံမှု ပါရှိနေပါသည်။

ဩဇာအာနာရှိသည့် ကျင့် ဂတ်ကောင်စီသည် ကမ္ဘာပေါ်တွင် ကျင့် ဂတ်နှင့်ညီသော ရင်နှီးမြှုပ်နှံမှုလုပ်ရာတွင် ဦးဆောင်နေသည့်အဖွဲ့အစည်းဖြစ်ပါသည်။ ယင်းအဖွဲ့မှနော်ေ ဂနိုင်ငံရှိ ဘဏ္ဍာရေး ဂန်ကြီးဌာန ထံသို့အစီရင်ခံစာ တင်သွင်းရာတွင် ကျင့်ဂတ်ကောင်စီ၏ဖေါ်ပြချက်တွင်၊

မြန်မာပြည်တွင်း ကုန်းတွင်းပိုင်း ရေနံနှင့်သဘာ ဂဓါတ်ငွေ့ပိုက်လိုင်းတည်ဆောက်မှုစီမံကိန်းတွင် ပါ ဂင်ပါတ်သက်နိုင်သောအရာများမှာ စနစ်တကျလူ့အခွင့်အရေးချိုးဖေါက်မှု၊ အတင်းအဓမ္မစေခိုင်းမှု နှင့် ဒေသခံ ပြည်သူလူထုအပေါ် ဖိနှိပ်ညှင်းပန်းမှုများကိုဖြစ်ပေါ်စေပါသည်။ အခြေခံမူအားဖြင့် ယင်းချိုးဖေါက်မှုများကို စီမံကိန်းတွင်းလုပ်ဆောင်နေသော ကုမ္ပဏီများမှမူအားဖြင့်တိုက်ရိုက်လုပ်ဆောင်မှုရှိမည်ဟုတ်သော်လည်း၊ မြန်မာအာဏာပိုင်များမှလုပ်ဆောင်ခြင်းဖြင့် ယင်းစီမံကိန်းလုပ်ဆောင်မှုတွင် မိမိတို့ကုမ္ပဏီများ၏စီမံကိန်း အကျိုးစီးပွားအတွက် ယင်းချိုးဖေါက်မှုများဆက်နွယ်နေသည်ကိုတွေ့မြင်သိရှိနိုင်ပါသည်။

သို့သော်လည်းဘဲ ဗုဒ္ဓဟူးနေ့တွင် နော်ဝေနိုင်ငံ ဘဏ္ဍာရေးဂန်ကြီးဌာနမှ ယင်းအကြံပြုချက်အားလစ်လျူရှုကာ တရုတ်ပြည်ရေနံ (PetroChina) နှင့် CNPC ကုမ္ပဏီနှစ်ခုအား တစ်ခုတည်းအဖြစ် သတ်မှတ်ရန် မဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ အမှန်တွင် ယင်းကုမ္ပဏီနှစ်ခုအား စီမံကွပ်ကဲနေသူအဖွဲ့ဂင်များတဖွဲ့တည်းဖြစ်နေသလို ဘဏ္ဍာရေးပိုင်းတွင်လည်းတခုတည်းဖြစ်နေခြင်းကြောင့်ယင်းကုမ္ပဏီနှစ်ခုသည် အမှန်တကယ်တွင် ကုမ္ပဏီတခု

တည်းဖြစ်နေပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကျင့်ဝတ်ကောင်စီ၏ အကြံပြုချက်များကို လိုက်နာရန် အဆိုပြုထားသည်မရှိသော်လည်း ပုံမှန်အားဖြင့် ပယ်ချခြင်းအားပြုလုပ်ခြင်းမှာမရှိသလောက်ဖြစ်ပါသည်။

"နော်ဝေနိုင်ငံမှ တရုတ်ပြည်ရေနံ (PeteroChina) ကုမ္ပဏီအတွင်းသူတို့ရင်းနှီးမြုပ်နှံမှု ဆက်လက်လုပ်ဆောင်ခြင်းလုပ်ရခြင်းမှာ CNPC ကုမ္ပဏီနှင့် တရုတ်ပြည်ရေနံ (PetroChina) ကုမ္ပဏီနှစ်ခုအားတစ်ခုတည်းအဖြစ်မမြင်သင့်ဘဲ ကုမ္ပဏီနှစ်ခုအဖြစ် မြင်သင့်ကြောင်းယုံကြည်ခြင်းကြောင့် ရင်းနှီးမြုပ်နှံမှုဆက်လုပ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်"ဟု EarthRights International လှုပ်ရှားနိုးဆော်ရေး တာဝန်ခံ ပေါလ် ဒေါ်နိုဗစ်မှပြောကြားခဲ့ပါသည်။ ဒါကို EarthRights International မှလက်မခံပါဟု ဆက်လက်ပြောကြားပြီး "အရေးကြီးတဲ့အချက်ကိုသိရမှာက ဝန်ကြီးဌာနမှ ပိုက်လိုင်းစီမံကိန်း ကြောင့်မြန်မာပြည်တွင်းရှိဒေသခံပြည်သူလူထုအပေါ်ဖြစ်ပေါ်နိုင်သည့် ဆိုးရွားသောလူ့အခွင့်အရေးချိုးဖေါက်မှု များကိုပယ်ချခြင်းမပြုခဲ့ပါဘဲ၊ သူတို့ရဲ့အဓိကပြောဆိုချက်ကတော့ ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအပေါ် မှာဘဲဆုံးဖြတ်သွားပါတယ်။" သူမှဆက်လက်ပြီး "နော်ဝေနိုင်ငံမှ မြန်မာပြည်အတွင်း ပြဿနာရှုပ်ထွေး ပွေလီနေသော ရေနံကုမ္ပဏီများတွင်းဆက်လက်ပြီးရင်းနှီးမြုပ်နှံမှုပြုလုပ်ခြင်းသည် မိမိတို့ချမှတ်ထားသည့် ကျင့်ဝတ်အချက်အလက် များကိုချိုးဖေါက်နေပြီး၊ နော်ဝေနိုင်ငံမှလည်း မြန်မာပြည်အတွင်းဖြစ်ပေါ် နေသောချိုးဖေါက်မှုများတွင် မိမိတို့၏ GPFG ရင်းနှီးမြုပ်နှံမှုမှတဆင့် ဆက်လက်ပါဝင်ပါတ်သက်နေပါတယ်။" ဟုဆက်လက်ပြောဆိုသွားပါသည်။

ကျင့်ဝတ်ကောင်စီမှ ရွှေသဘာဝဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်းနှင့် မြန်မာ-တရုတ်ရေနံပိုက်လိုင်းစီမံကိန်းတွင် ပြင်သစ်နိုင်ငံရှိ တိုတယ် ကုမ္ပဏီ နှင့် အမေရိကန်ရှိ ရှယ်ဘရွန် (ယခင် ယူနိကယ်)တို့မှဆောက်လုပ်ခဲ့သည့် ၁၉၉၅-၁၉၉၈ ခုနှစ်အထိ ဆောက်လုပ်ခဲ့သော ရတနာ ပိုက်လိုင်းစီမံကိန်းဆောက်လုပ်ချိန်တွင်း ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖေါက်မှုများ ဆပေါင်းများစွာဖြစ်ပေါ်လာနိုင်သည်ကိုလည်း ကြိုတင်ပြောဆိုခဲ့ပါသည်။ ယင်းရတနာစီမံကိန်းကြောင့်ဖြစ်ပေါ်လာသောလူ့အခွင်းအရေးချိုးဖေါက်မှုများအပေါ်တရားစွဲဆိုမှုဖြစ်ပွားခဲ့ပြီး ၂ဝဝ၅ ခုနှစ်တွင်ကုမ္ပဏီမှလျော်ကြေးပေးကျေအေးခဲ့ပါသည်။

"မြန်မာပြည်အတွင်းရှိပိုက်လိုင်းစီမံကိန်းအသစ်မှာ လူ့အခွင်အရေးချိုးဖေါက်မှုတွေ စနစ်တကျဖြစ်ပေါ်နေပြီးဖြစ်ပါတယ်"ဟု EarthRights International မှနိုင်ထူးမှပြောဆိုခဲ့ပါတယ်။ "ကျင့်ဝတ်ကောင်စီမှ တရုတ်ကုမ္ပဏီတွေကို ထုတ်ဖေါ်ပြောဆိုခံတာမှန်ခဲ့သော်လည်း စီမံကိန်းအတွင်း ပူးပေါင်းပါဝင်လုပ်ဆောင်နေသည့်အခြားသော ကုမ္ပဏီများကိုလစ်လျူရှုထားပါတယ်"ဟုဆက်လက်ပြောဆိုပြီး "နော်ဝေနိုင်ငံအနေနဲ့မိမိတို့နဲ့ဆက်နွယ်နေတဲ့ပိုက်လိုင်းစီမံကိန်းမှာပါဝင်ပါတ်သက်နေသောကုမ္ပဏီအားလုံးများကိုစူးစမ်းလေ့လာသင့်ပြီးထိရောက်သောလှုပ်ရှားမှုများကိုပြုလုပ်ကာ နော်ဝေနိုင်ငံသားပိုက်ဆံများအား ယင်းကုမ္ပဏီများတွင်ယင်းနှီးမြုပ်နှံမှုပြုလုပ်ကာစီမံကိန်းမှဖြစ်ပေါ်လာမည့်နောက်ဆက်တွဲဖြစ်ဆိုးကျိုးများတွင်နော်ဝေနိုင်ငံသားများပါဝင်မှုမရှိစေရန်ကာကွယ်ရပ်တန့်သင့်ပါသည်။ သို့မဟုတ်ပါက မြန်မာနိုင်ငံသား၏ ချိုးဖေါက်မှုခံစားရမှုအပေါ်တွင် နော်ဝေနိုင်ငံမှ ဆက်လက်အမြတ်ထုတ်ယူနေခြင်းနှင့်တူနေပါသည်"ဟု ပြောဆိုသွားပါသည်။

ကျင့်ဝတ်ကောင်စီနှင့်နော်ဝေနိုင်ငံဘဏ္ဍာရေးရာဝန်ကြီးဌာနမှ အခြားကျန်ရှိနေသေးသော ကုမ္ပဏီများအပေါ် မည်သို့ပြုလုပ်မည်ကိုပြသခြင်းမရှိပေ၊ ယင်းကုမ္ပဏီများထဲတွင် ကိုးရီးယားနိုင်ငံရှိ ဒေဟူး အင်တာနေရှင်နယ်မှ (၂၅%) နှင့်ယင်းမိခင် ကုမ္ပဏီဖြစ်သည့် POSCO၊ ကိုရီးယားနိုင်ငံပိုင် Korea Gas Corporation (၄%) နှင့် အိန္ဒိယပိုင် GAIL ကုမ္ပဏီမှ (၄%)မှလည်းစီမံကိန်းတွင်ဝင်ပါရှိပါသည်။

EarthRights International နှင့်အခြားသောအဖွဲ့များမှ တရုတ်နိုင်ငံသို့လက်ရှိသွယ်တန်း နေသည့်ပိုက်လိုင်းစီမံကိန်းနှင့် ဆက်နွယ်နေသော လူ့အခွင့်အရေးချိုးဖေါက်မှုများဆက်လက်ဖြစ်ပေါ်နေသည်ကို စာစောင်များတွင်

ထုတ်ဝေပြောကြားနေပြီး၊ ယင်းချိုးဖေါက်မှုများတွင် လယ်ယာမြေသိမ်းခံရမှု၊ ဖမ်းဆီးခြင်းနှင့် စီမံကိန်းအား ကန့်ကွက်ပါက ခြိမ်းခြောက်မှုများနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်း ပိုက်လိုင်းလမ်းကြောင်း ဖြတ်သွားမည့်ဒေသအတွင်း တွင်မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်များ တိုက်ပွဲဖြစ်ပွားနေမှုကြောင့် ဒေသခံပြည်သူလူထုပေါင်း ၃၀၀၀၀ ခန့်မှပြည်တွင်းအိုးမဲ့အိမ်မဲ့ဒုက္ခသည် အဖြစ်နေထိုင်ရသည်မှာ လည်းပါ ရှိပါသည်။

ဒေပူးအင်တာနေရှင်နယ်မှ လက်ရှိဆောက်လုပ်နေသော ကုန်းတွင်းပိုင်း သဘာဝဓါတ်ငွေ့သိုလှောင်ရုံနှင့် ကုန်းတွင်းပိုင်းပိုက်လိုင်းလမ်းစတင်သည့်နေရာ ဂုံးချိန် ရွာရှိရွာသားများမှ စက်တင်ဘာလ ၂၀၁၁ တွင် EarthRights International အားပြောကြားရာတွင်။

> "ဇန်နဂါရီလ ၂၀၁၁ တွင် ခြေမြန်တပ်ရင်း ၅၃၄ မှာရှိတဲ့ ဗိုလ်ကြီး အေးသောင်းက ကျွန်တော်ပိုင်လယ် ၂ဧက ကိုသိမ်းယူသွားပါတယ်။ သူပြောတာကဒီလယ်တွေကို စစ်သားတွေ သေနတ်ပစ်လေ့ကျင့် ကွင်းလုပ်ဖို့ပြောပါတယ်။ အမှန်တကယ်မှာကတော့ သူတို့က စစ်တပ်တွေအတွက်မသုံးခဲ့ပါဘူး။ မြန်မာရွှေသရဖူ (ဒေပူး ကုမ္ပဏီမှငှားထားသည့်) ကုမ္ပဏီ ထံမှာသူတို့ပိုက်ဆံလိုချင်လို့ဖြစ်ပါတယ်။ နေရာကတော့တောင်ခြေနဲ့ တအားနီးပါတယ်။ ဗိုလ်ကြီးအေးသောင်းနဲ့ မြေတိုင်းဌာနက ကုမ္ပဏီထံ သို့ရောင်းလိုက်ပါတယ်။ သူတို့က ကုမ္ပဏီဆီမှာပိုက်ဆံရသွားပြီးတော့တကယ်လယ်ပိုင်ရှင်ကတပြားမှမရခဲ့ပါဘူး။ "
> ဟုပြောဆိုခဲ့ပါသည်။

အခြား ဂုံးချိန်ရွာသားတဦးမှ ဖေဖေါ်ဂါရီလ ၂၀၁၁ တွင် EarthRights International အားတင်ပြရာတွင်။

> "သူတို့ကျွန်တော့လယ်ကိုသိမ်းလိုက်တဲ့အချိန်မှာ ကျွန်တော်တကယ်ဂမ်းနဲပါတယ်။ ညဆိုရင် ကျွန်တော်အိပ်လို့ မရဘူး။ လယ်တွေကကျွန်တော်တို့အတွက်တအားအရေးပါပါတယ်။ ကျွန်တော်တို့လယ်မရှိရင်ကျွန်တော်တို့ ဘယ်လိုအသက်ရှင်မလဲ၊ အခုကျွန်တော်တို့ဆီမှာ ဆန်အလုံအလောက်မရှိပါဘူး ဘာဖြစ်လဲဆိုတော့ ကျွန်တော်တို့နဲ့ ကျန်ရှိနေတာက လယ်တစ်ဧကဘဲရှိတော့ပါတယ်။ အားလုံးပျက်ဆီးသွားကုန်ပါပြီး။ "

မကြာသေးခင်အချိန်တွင် မြန်မာအာဏာပိုင်များမှ မြန်မာပြည်အနောက်ပိုင်းတွင် မြန်မာပြည်မှထွက်ရှိသည့် သဘာဝဓါတ်ငွေ့များအားတရုတ်ပြည်သို့တင်ပို့ရောင်းချမည့်အစား ပြည်တွင်းအတွင်းအသုံးပြုမည့်လျှပ်စစ်မီး အဖြစ်ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုရန်စီစဉ်ထားသည့်ဒေသခံတချို့အား ဖမ်းဆီးခြင်းများအားပြုလုပ်နေပါသည်။ နိုဂင်ဘာလအလယ်တွင်ဒေသခံတို့၏တောင်းဆိုချက်ကိုတုံ့ပြန်သည့်အနေဖြင့်မြန်မာအာဏာပိုင်များမှလုံခြုံရေးတပ်များကိုရခိုင်ပြည်နယ်အတွင်းရှိစစ်တွေမြို့တပိုက်တွင်ထပ်မံတိုးချက်ထားလိုက်ပါသည်။
ဒါကိုလုပ်ဆောင်ခြင်းအားဖြင့်ဒေသခံတွေကို ခြိမ်းခြောက်နေတဲ့ပုံစံနဲ့ စီမံကိန်းအားကန့်ကွက်ရန်ပြုလုပ်တဲ့ ဒေသခံတွေကို ကြောက်စိတ်ဝင်လာအောင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဟု EarthRights International မှ ကိုနိုင်ထူး ကပြောဆိုခဲ့ပါသည်။

၂၀၀၉ တွင် ရခိုင်လူငယ်တဦးမှ စီမံကိန်းနှင့်ပါတ်သက်သည့် သိသင့်သိထိုက်သော သတင်းအချက်အလက်များအလုပ်ရုံဆွေးနွေးပွဲကိုပြုလုပ်ပြီးနောက်ပိုင်း အာဏာပိုင်များကသူ့ကို ဖမ်းဆီး၊ ညှင်း ပမ်းနှိပ်စက်မှုများပြုလုပ်ပြီး ၆လကြာထောင်သွင်းအကျဉ်းချခဲ့ပါသည်။ သူမှ EarthRights International အား "(စစ်ထောက်လှန်းရေးတွေ) ကျွန်တော်ကို လေးရက်အတွင်းမျက်နှာနဲ့အဝတ်စည်းထားပါတယ်၊ လေးရက်အတွင်းမှာ ကျွန်တော်

ဘာမှမမြင်ရဘူး၊ ကျွန်တော်အဆက်မပြတ်ရိုက်ကြတယ်၊ တချိန်လုံးမေးခွန်းတွေ မေးတယ်၊ လေးရက်စလုံးအတွင်းမှာပေါ့..."

EarthRights International မှ နော်ဝေ ကျင့်ဝတ်ကောင်စီအား ကမ္ဘာပေါ်တွင် ကျင့်ဝတ်နှင့်ညီသော ရင်းနှီးမြှုပ်နှံမှု လုပ်ရာတွင် ဦးဆောင်နေသည့် ခေါင်းဆောင်ဖြစ်သကဲ့သို့ မိမိတို့မှယင်း ဦးဆောင်မှုအား ဆက်လက်ထိမ်းသိမ်းထားရန်၊ ချမှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေအား ကျင့်သုံးဆောင်ရွက်အကောင်အထည်ဖော်သည့်အနေဖြင့် GPFG မှ မြန်မာနိုင်ငံ ရေနံနှင့်သဘာဝဓါတ်ငွေ့ အခန်းကဏ္ဍတွင် ပါဝင်ပါတ်သက်နေသော ကုမ္ပဏီများအတွင်း ရင်းနှီးမြှုပ်နှံမှုများအပေါ် ကျင့်ဝတ်ကောင်စီမှ နော်ဝေဘဏ္ဍာရေးဝန်ကြီးဌာနအား ယင်းကုမ္ပဏီများအတွင်း ရင်းနှီးမြှုပ်နှံမှုများကိုရုပ်သိမ်းရန် သို့မဟုတ် နော်ဝေ ဘဏ်များမှ ကုမ္ပဏီများနှင့်တိုက်ရိုက် ဆက်သွယ်မှုများကိုပြုလုပ်ရန် အကြံပြုချက်များကို ချက်ခြင်းတင်ပြ လုပ်ဆောင်သင့်ပါသည်။

နော်ဝေနိုင်ငံအတွင်း ယခုအကြောင်းအရာမှတဆင့် လူထုလှုပ်ရှားမှုဖြစ်ပွားပါက မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့ အခန်းကဏ္ဍာတွင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နေသော အခြားသော ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်နေသည့် အဖွဲ့များကိုလည်းမိမိတို့၏ယင်းအခန်းကဏ္ဍာအတွင်း ရင်းနှီးမြှုပ်နှံမှုအားမြန်မာပြည်အတွင်းသော်လည်းကောင်း အခြားသောဒေသများတွင်လည်း တာဝန်ခံမှုတာဝန်ယူမှု ဖြစ်စေသော စီပွားရေးလုပ်ဆောင်ချက်များ ပိုမိုရှိလာမည်ကို EarthRights International မှမျှော်လင့်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၏ထုတ်ပြန်ကြော်ငြာချက်အား ၂၀၁၁ နော်ဝေနိုင်ငံသားများ၏ပင်စင်စားရံပုံငွေ (GPFG) ပိုင်ဆိုင်ထားသည့်အချက်အလက်များကိုမထုတ်ပြန်ခင်ရက်ပိုင်းအတွင်းတွင်ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

**နောက်ခံသမိုင်း**

နော်ဝေနိုင်ငံသားများ၏ပင်စင်စားရံပုံငွေ (GPFG) သည် နော်ဝေနိုင်ငံတွင်းရှိရေနံချမ်းသာကြွယ်ဝမှုမှရရှိဖြင်းဖြစ်ပြီး ကမ္ဘာပေါ်တွင်ဒုတိယအကြီးဆုံး ပင်စင်စားရံပုံငွေဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဘီလီယံမျှသောတန်ဖိုးရှိပါသည်။ ကျင့်ဝတ်ကောင်စီအားဖွဲ့စည်းခြင်းမှာ ယင်း အစိုးရပင်စင်စားရံပုံငွေ၏ရင်းနှီးမြှုပ်နှံမှုအား ကုမ္ပဏီများမှ ယင်းချမှတ်ထားသည့် ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာခြင်းရှိမရှိကို ပြန်လည်သုံးသပ်ရန်ဖြစ်သည်။ ဘဏ္ဍာရေးဆိုင်ရာဝန်ကြီးဌာနမှ မိမိတို့၏ရင်းနှီးမြှုပ်နှံမှုအား ကျင့်ဝတ်ကောင်စီ၏ အကြံပြုချက်များအပေါ် ရုပ်သိမ်းခြင်း ဆုံးဖြတ်ချက်များကို ချမှတ်လေ့ရှိသည်။

ဒီဇင်ဘာလ ၃၁ရက် ၂၀၁၀ အထိ နော်ဝေနိုင်ငံသည် မြန်မာ-တရုတ်ပိုက်လိုင်းစီမံကိန်းတွင်ပါဝင်ပါတ်သက်နေသောကုမ္ပဏီ ၇ ခုအတွင်း ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၆၉၃ သန်းဖြစ်ပြီး။ မြန်မာပြည်အတွင်း ရေနံကုမ္ပဏီ ၁၅ ခုအတွင်းရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာသန်း ၅ဘီလီယံရှိသည်ဟု EarthRights International မှဖော်ပြထားပါသည်။

ယခု ကျင့်ဝတ်ကောင်စီမှ ပြန်လည်သုံးသပ်သည့် လုံးဝရှုပ်ထွေးနက်နဲသော စီမံကိန်းများမှာ ရွှေ ကုန်းတွင်းပိုင်း သဘာဝဓါတ်ငွေ့ ပိုက်လိုင်း စီမံကိန်းများအား တရုတ်အမျိုးသားလောင်စာဆီ ကော်ပိုရေးရှင်း ကုမ္ပဏီ (CNPC) (တရုတ်-၅၀.၉၀%) နှင့် ရွှေ ပင်လယ်တွင်း သဘာဝဓါတ်ငွေ့ စီမံကိန်း လုပ်ဖေါ်ကိုင်ဖက် ဒေဝူး အင်တာနေရှင်နယ် ကုမ္ပဏီ (၂၅.၀၄%)၊ ONGC Videsh (၈.၃၅%)၊ GAIL (အိန္ဒိယ) ကုမ္ပဏီ (၄.၁၇%)၊ KOGAS (၄.၁၇%) နှင့် MOGE (၇.၃၇%) တို့မှပူးတွဲလုပ်ကိုင်ထားသည့်စီမံကိန်းဖြစ်ပါသည်။ ဇွန်လ ၂၅၊ ၂၀၁၀

CNPC မှ ရွှေ ပင်လယ်တွင်း သဘာဝဓါတ်ငွေ့စီမံကိန်းအတွက် ယင်းကုမ္ပဏီနှင့်အခြားသော ပူးပေါင်းလုပ်ဆောင်နေသည့်ကုမ္ပဏီများနှင့်အတူ ဟောင်ကောင်တွင် မှတ်ပုံထားသည့် အရှေ့တောင်အာရှ သဘာဝဓါတ်ငွေ့ပိုက်လိုင်းဖက်စပ်လုပ်ဆောင်ရေးကုမ္ပဏီ (东南亚天然气管道有限公司) မှအမည်ခံပြီး ယင်းစီမံကိန်းပါဝင်လုပ်ဆောင်နေသည့် ကုမ္ပဏီများကို ကိုယ်စားပြုအကျိုးဆောင်အဖြစ် စတင်လုပ်ဆောင်ခဲ့ပါသည်။ ရွှေကုန်းတွင်းပိုင်းသဘာဝဓါတ်ငွေ့ပိုက်လိုင်းသည် ယခုလက်ရှိတွင် တည်ဆောက်ဆဲကာလဖြစ်ပြီး ၂၀၁၃တွင် လုပ်ငန်းလည်ပါတ်မှုအဆင့်အဖြစ်အပြီးတည်ဆောက်သွားမည်ဖြစ်ပါသည်။ ထို့အတူ ယင်းပိုက်လိုင်း တလျောက်တွင်CNPC (50.90%) နှင့် MOGE (၄၉.၁၀%) ပိုင်ဆိုင်ထားသည့် ကုမ္ပဏီများမှ ၇၇၁ ကီလိုမီတာအရှည်ရှိ မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းကိုလည်းရွှေပိုက်လိုင်းနှင့်ဒွန်တွဲကာ တရုတ်နိုင်ငံအတွင်းသို့တင်သွင်းမည့် အရှေ့အလယ်ပိုင်းနှင့်အာဖရိကမှလာသော ရေနံစိမ်းများကို မြန်မာပြည်အတွင်းရှိ ရခိုင်ပြည်နယ်မှတဆင့် တရုတ်ပြည် ယူနန် ပြည်အတွင်းသယ်ယူရန်ဖြစ်ပါသည်။